ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

(ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့)

ပန်းတောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့

အရပ်ရပ်အခွင့်အရေးလိုင်စင်ရောင်းချမည့် ကြော်ငြာစာ(၁/၂၀၂၃-၂၀၂၄)

၁၃၈၄ ခုနှစ် ပြာသိုလဆန်း ၁၀ ရက်

၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်

၁။ ပန်းတောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၂၃-၂၀၂၄ ခုဘဏ္ဍာရေးနှစ်အတွက် အဖွဲ့ပိုင် အခွင့်အရေးလိုင်စင်များကို အညီအမျှခွဲဝေချထားပေးခြင်းစနစ်ဖြင့်လည်းကောင်း၊ သက်တမ်းတိုးစနစ်ဖြင့် လည်းကောင်း၊ ဈေးပြိုင်လေလံတင်ရောင်းချခြင်းဖြင့်လည်းကောင်း၊ ၂၀၂၃-၂၀၂၄ ခုဘဏ္ဍာရေးနှစ်အတွက် အောက်ပါအစီအစဉ်အတိုင်း ရောင်းချသွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်-

(က) လေလံရောင်းချမည့်နေ့ရက်များ - (၁၇. ၁. ၂၀၂၃) အင်္ဂါနေ့(ပထမ)အကြိမ်
- (၂၄. ၁. ၂၀၂၃)အင်္ဂါနေ့(ဒုတိယ)အကြိမ်
- (၂. ၂. ၂၀၂၃)ကြာသပတေးနေ့(တတိယ)အကြိမ်
- (၉. ၂. ၂၀၂၃)ကြာသပတေးနေ့(နောက်ဆုံးအကြိမ်)
- (၁၆. ၂. ၂၀၂၃)ကြာသပတေးနေ့(အခြားနည်း)

(ခ) လေလံရောင်းချမည့်အချိန် - နံနက်(၀၉:၀၀)နာရီ

(ဂ) လေလံရောင်းချမည့်နေရာ - မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးပန်းတောင်းမြို့

၂။ ရောင်းချမည့် အခွင့်အရေးလိုင်စင်များနှင့် တင်သွင်းရမည့် စားပွဲတင်အာမခံငွေများအား နောက်ဆက်တွဲ(က)ဖြင့် ဖော်ပြအပ်ပါသည်။

၃။ ၂၀၂၃-၂၀၂၄ ခုဘဏ္ဍာရေးနှစ်အတွက် စည်ပင်သာယာရေးအဖွဲ့ပိုင် အရပ်ရပ်အခွင့်အရေးလိုင်စင် များအား ဆွဲဝယ်လိုသူသည် အောက်ဖော်ပြပါအချက်များဖြင့် ညီညွတ်သူဖြစ်ရမည်-

(က) အသက်(၁၈)နှစ်ပြည့်ပြီးသူ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) အမှုအခင်းနှင့် ပြဿနာကင်းရှင်းသူဖြစ်ရမည်၊

(ဂ) အခွန်ကြွေးကျန်ကင်းရှင်းသူဖြစ်ရမည်၊

(ဃ) မရွှေ့မပြောင်းနိုင်သော မြေ/အိမ် ပိုင်ဆိုင်မှုတင်ပြနိုင်ရမည်၊

(င) အိမ်ထောင်စုစာရင်း (လဝက ပုံစံ ၆၆/၆)တင်ပြနိုင်သူဖြစ်ရမည်။

၄။ အောက်ပါပုဂ္ဂိုလ်များအား လေလံဆွဲဝယ်ခွင့် ပြုမည်မဟုတ်ပါ-

(က) အခွင့်အရေးလိုင်စင်များနှင့်ပတ်သက်၍ နာမည်ပျက်စာရင်းဝင်သူများနှင့် ၎င်းတို့၏ မိသားစုဝင်များ၊

(ခ) ဤစည်းကမ်းပါသတ်မှတ်ချက်အရ တင်ပြရမည့်စာရွက်စာတမ်းအထောက်အထားများ တင်ပြနိုင်ခြင်းမရှိသူများ၊

(ဂ) အထူးကိုယ်စားလှယ်လွှဲစာ(Special Power)ဖြင့် လွှဲအပ်တင်ပြ၍ လူကိုယ်တိုင်လာရောက်ဆွဲဝယ်ခြင်းမပြုသူများ။

၅။ လိုင်စင်ဆွဲဝယ်လိုသူများသည် အဖွဲ့မှ သတ်မှတ်ထားသော လျှောက်လွှာနှင့်အတူ လိုင်စင်ဆွဲဝယ်သူများလိုက်နာရမည့် စည်းကမ်းများကိုအဖွဲ့ရုံး၌ ဝယ်ယူနိုင်ပြီး လိုင်စင်လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားစာရွက်စာတမ်းများ ပြည့်စုံစွာဖြင့် ပူးတွဲတင်ပြလျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကဒ်မိတ္တူ၊

(ခ) လဝကအိမ်ထောင်စုစာရင်း ပုံစံ(၆၆/၆)မူရင်း၊

(ဂ) စာပွဲတင်အာမခံငွေ တင်သွင်းထားသည့်အထောက်အထား(POP)၊

(ဃ) စည်ပင်သာယာရေးဆိုင်ရာ အခွန်ကြွေးကျန်ကင်းရှင်းကြောင်း ထောက်ခံချက်နှင့် အခြားမြို့နယ်မှဖြစ်ပါက အမည်ပျက်စာရင်းတင်သွင်းကြေညာခံရသူမဟုတ်ကြောင်း သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ထောက်ခံချက်၊

(င) လိုင်စင်ကြမ်းခင်းဈေးတန်ဘိုးထက် လျော့နည်းခြင်းမရှိသည့် လျှောက်ထားသူအမည်ပေါက် မရွှေ့မပြောင်းနိုင်သောပစ္စည်း(အဆောက်အဦ၊ အိမ်၊ မြေ)နှင့် ယင်းနေအိမ်၏ လေးဘက်မြင်ဓါတ်ပုံ(၄)ပုံ၊ (Special Power)ဖြင့် လွှဲအပ်တင်ပြခြင်းကို လက်ခံမည်မဟုတ်ပါ၊

(စ) မြေပိုင်ဆိုင်ကြောင်း အဆောက်အဦ၊ မြေတည်ရှိရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊

(ဆ) သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ "တန်ဘိုးဖြတ်စိစစ်ရေးအဖွဲ့" ၏ စိစစ်တင်ပြချက်အပေါ် အမှုဆောင်အရာရှိထောက်ခံချက်ပါ မြေ၊ အိမ်၊ အဆောက်အဦ၏ ကာလတန်ဘိုး စိစစ်ချက်၊

(ဇ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ ထောက်ခံချက်၊

(ဈ) သားသတ်လိုင်စင်များသည် မြို့ရွာလူနေရပ်ကွက်၊ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းနှင့် ဝေးသော ရေအလုံအလောက်ရရှိနိုင်သော၊ လုံခြုံသောဝန်းခြံအကာအရံရှိသော သားသတ်ရုံအဖြစ် ဆောင်ရွက်မည့် မြေနေရာအလုံအလောက်ပိုင်ဆိုင်မှု တင်ပြနိုင်သူ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး၏ သဘောတူချက်(ထောက်ခံစာ)မူရင်းတင်ပြနိုင်သူသာ လုပ်ကိုင်ခွင့်လျှောက်ထားရမည်၊

(ည) အပိုဒ် (၅)ပါ စာရွက်စာတမ်းအထောက်အထားမိတ္တူ/မူရင်းများ ပြည့်စုံရမည့်အပြင် ယခင်နှစ်က ရယူထားသော ထောက်ခံစာများ ပြည့်စုံစွာတင်ပြမှုမရှိသော လျှောက်လွှာများအား လေလံဆွဲဝယ်ခွင့်ပြုမည်မဟုတ်ပါ။

၆။ လိုင်စင်ကြေးကျပ်(၂၀)သိန်းအောက်ဖြစ်ပါက အကြေပေးသွင်းရမည်၊

၇။ လေလံမအောင်မြင်သူများ၏ အာမခံအပ်ငွေများကို လေလံပွဲပြီးဆုံးပြီး(၁၀)ရက်ကြာမှ ပြန်လည်ထုတ်ပေးမည်ဖြစ်ပြီး၊ လေလံအောင်မြင်သူများ၏ ၄င်းအာမခံအပ်ငွေများကို လေလံစည်းကမ်းနှင့်အညီပေးသွင်းရမည့်လေလံကြေးမှ ခုနှိမ်၍ အာမခံ(၁၀ပုံ ၁ပုံ)နှင့် လိုင်စင်ကြေး(၅ပုံ ၁ပုံ) (သို့မဟုတ်) (၂ ပုံ ၁ပုံ) (တိုင်းဒေသကြီးပြင်ပ) (သို့မဟုတ်) လိုင်စင်ကြေး အကြေပေးသွင်းသူများကို (POP) များတွင် ပေးသွင်းရမည်။ အရစ်ကျလိုင်စင်ကြေးများအတွက် တိုင်းဒေသကြီးအတွင်း ဆွဲဝယ်သူဖြစ်ပါက (၈)ရစ်ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးပြင်ပမှ ဆွဲဝယ်သူဖြစ်ပါက (၄)ရစ်ဖြင့်လည်းကောင်း အကြေပေးသွင်းရမည်။

၈။ အခွင့်အရေးလိုင်စင်များ တစ်ခုခြင်းရောင်းချခြင်းကို လိုင်စင်ဆွဲဝယ်ခွင့်လျှောက်လွှာအမည်စာရင်းတင်သွင်းသူကိုယ်တိုင်ဆွဲဝယ်ရမည်။ မည်သည့်အကြောင်းပြချက်နှင့်မျှ ကိုယ်စားလှယ်ဖြင့် ဆွဲဝယ်ခွင့်ပြုမည်မဟုတ်ပါ။ အမှန်တကယ် ဆွဲဝယ်လုပ်ကိုင်မည့်သူများအား ထိခိုက်နစ်နာစေရန် ရည်ရွယ်၍ ဝင်ရောက်ဆွဲဝယ်ခြင်းကို မခွင့်ပြုမည်မဟုတ်သည့်အပြင် တွေ့ရှိက အလုပ်ဝတ္တရားနှောင့်ယှက်မှုဖြင့် အရေးယူခြင်းခံရမည်။

၉။ အခွင့်အရေးလိုင်စင်များအား လိုင်စင်တစ်ခုခြင်းအလိုက်သော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း၊ အဖွဲ့ဝင်ငွေတိုးတက်ရရှိရေးအတွက် လိုင်စင်စည်းကမ်း ညွှန်ကြားချက်များနှင့်အညီရောင်းချသွားမည်ဖြစ်ပါသည်။

၁၀။ လေလံဆွဲဝယ်ခွင့် လျှောက်လွှာတင်သွင်းပြီးနောက် လေလံယှဉ်ပြိုင်ရန်အတွက် လေလံခန်းမအတွင်း ဝင်ရောက်ခြင်းမရှိသူများအားလည်းကောင်း၊ လေလံခန်းမအတွင်း လေလံတစ်ခုချင်းစီအား(၃)ကြိမ်ထက်မနည်း ယှဉ်ပြိုင်မှုမရှိပါကလည်းကောင်း တင်သွင်းထားသော စားပွဲတင်အာမခံငွေကို အဖွဲ့ပိုင်အဖြစ်သိမ်းယူပြီး အမည်ပျက်စာရင်းတင်သွင်းသွားမည်။ သို့ရာတွင် (၃)ကြိမ်မပြည့်မီ ယှဉ်ပြိုင်ဆွဲဝယ်မည့် လေလံကြေးသည်ကြမ်းခင်းဈေး၏ ၅၀% နှင့်အထက်မြင့်တက်ပါက (၃)ကြိမ်အထိ ယှဉ်ပြိုင်ဆွဲဝယ်ခြင်းကို ကင်းလွတ်ခွင့်ပြုမည်။

၁၁။ လေလံယှဉ်ပြိုင်ဆွဲဝယ်နေစဉ်အတွင်း ပန်းကြေးရယူကြောင်း ထင်မြင်ယူဆပါကလေလံရောင်းချရေးအဖွဲ့အနေဖြင့် လေလံရောင်းချခြင်းအား ပယ်ဖျက်ပြီးနောက်တစ်ကြိမ် ပြန်လည်ရောင်းချသွားမည်။ ယင်းသို့ဆောင်ရွက်ချက်ကို လေလံအမှုတွဲတွင် မှတ်တမ်းတင်ထားရှိမည်။

၁၂။ လိုင်စင်လျှောက်လွှာများကို ပထမအကြိမ် (၁၆. ၁. ၂၀၂၃)ရက်နေ့ နေ့လည်(၁၂:၀၀)နာရီ ဒုတိယအကြိမ်(၂၃. ၁. ၂၀၂၃)ရက်နေ့ နေ့လည်(၁၂:၀၀)နာရီ တတိယအကြိမ်(၁. ၂. ၂၀၂၃)ရက်နေ့ နေ့လည်(၁၂:၀၀)နာရီ နောက်ဆုံးထား၍ ဤအဖွဲ့ရုံးသို့ ပေးသွင်းရမည်။ နောက်ကျတင်သွင်းသည့် တင်ဒါလျှောက်လွှာနှင့် စားပွဲတင်အာမခံငွေ(POP)(Payment Order /Private)များအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၃။ သက်မှတ်ရက်ထက် နောက်ကျတင်သွင်းသည့်လျှောက်လွှာများ၊ အဖွဲ့မှ သတ်မှတ်ထားသည့် အထောက်အထား ပြည့်စုံစွာတင်ပြနိုင်ခြင်းမရှိသည့် လျှောက်လွှာများကို လက်ခံဆွဲဝယ်ခွင့်ပြုမည်မဟုတ်ကြောင်းနှင့် အဖွဲ့ရုံးသို့ လျှောက်လွှာတင်သည့်အခါ စိစစ်နိုင်ရန်အတွက် အပိုဒ် (၅)ပါ အထောက်အထားမူရင်းများကို တစ်ပါတည်းယူဆောင်လာရမည်၊ လေလံဆွဲဝယ်သူသည် ဤအဖွဲ့မှ ထုတ်ပြန်ထားသော လိုင်စင်စည်းကမ်းချက်များအား တိကျစွာလိုက်နာရမည်။

၁၄။ လျှောက်လွှာတင်သွင်းမည့်ရက်၊ အချိန်၊ မည်သို့ပင်သတ်မှတ်ထားသည်ဖြစ်စေ သတ်မှတ်ရက်ထက် ကျော်လွန်လျှောက်လွှာတင်သွင်းခြင်းကို သာမန်အားဖြင့် လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၅။ လိုင်စင်ရရှိသူသည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ အထက်ဌာနညွှန်ကြားချက်(သို့မဟုတ်) လိုအပ်ချက်အရ အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်နှင့်ညွှန်ကြားချက်တို့ကို လိုက်နာရမည်။

၁၆။ အကြောင်းအမျိုးမျိုးကြောင့် လေလံရောင်းချမည့်ရက် ပြောင်းရွှေ့ပါက ပြောင်းရွှေ့သတ်မှတ်သည့် ရက်အား အဖွဲ့မှ ထပ်မံကြေညာမည်ဖြစ်ပါသည်။

၁၇။ ၂၀၂၃-၂၀၂၄ ခုဘဏ္ဍာရေးနှစ် (၁. ၄. ၂၀၂၃)မှ (၃၁. ၃. ၂၀၂၄)ထိ အရပ်ရပ်အခွင့်အရေး လိုင်စင်စည်းကမ်းများ၊ လိုင်စင်တစ်ခုချင်းအလိုက် အသေးစိတ်စည်းကမ်းချက်များနှင့်ပတ်သက်၍ မရှင်းလင်းသောအချက်များ/အခြားသိရှိလိုသည့် အချက်အလက်များအား ရုံးချိန်အတွင်း အဖွဲ့ရုံး၊ ဖုန်းနံပါတ်-၀၅၃ ၂၀၄၀၀၉၀၊ ၀၅၃ ၂၀၄၀၀၉၁ တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

အမှုဆောင်အရာရှိ
(ရန်လင်းအောင်၊ ဦးစီးအရာရှိ)

စာအမှတ်၊ ၃၅၂၅ / ဂ-၁၅ / ပတ-၁ (၀၀၁)
ရက် စွဲ ၊ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်

ဖြန့်ဝေခြင်း

- ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စည်ပင်သာယာရေးအဖွဲ့များအားလုံး၊ -----------------မြို့
- ဌာနဆိုင်ရာနှင့်အသင်းအဖွဲ့များအားလုံး၊ ပန်းတောင်းမြို့
- ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများအားလုံး၊ ပန်းတောင်းမြို့
- လေလံဆွဲဝယ်သူများနှင့်လိုင်စင်စီများအားလုံး
- ဈေးခေါင်း၊ ပန်းတောင်း/ဆင်တဲ/ဥသျှစ်ပင်/ထုံးဘို(ကြော်ငြာသင်ပုန်းတွင်ကြော်ငြာပေးပါရန်)
- ဦးစီးမှူး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပန်းတောင်းမြို့(ကြော်ငြာသင်ပုန်းတွင် ကြော်ငြာပေးပါရန်)
- ဦးစီးမှူး၊ မီးသတ်ဦးစီးဌာန၊ ပန်းတောင်းမြို့(ကြော်ငြာသင်ပုန်းတွင် ကြော်ငြာပေးပါရန်)

မိတ္တူကို

- ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊ ပဲခူးမြို့
- ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်မြို့
- မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပန်းတောင်းမြို့
- မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပန်းတောင်းမြို့
- စခန်းမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပန်းတောင်းမြို့/ဥသျှစ်ပင်/ထုံးဘို
- သက်ဆိုင်ရာအမှုတွဲ
- ရုံးလက်ခံ/မျှောစာတွဲ

ပန်းတောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့
၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ် အညီအမျှခွဲဝေစနစ်ဖြင့်ရောင်းချမည့်
အခွင့်အရေးလိုင်စင်များစာရင်း

| စဉ် | အခွင့်အရေးလိုင်စင်အမည် | ကြမ်းခင်းဈေး (ကျပ်) | စားပွဲတင်အာမခံငွေ (ကျပ်) | မှတ်ချက် |
|---|---|---|---|---|
| | သားသတ်လိုင်စင်များ | | | |
| ၁ | ပန်းတောင်းအမဲဆိုင် | ၁၃၀၀၀၀၀၀ | ၆၅၀၀၀၀၀ | |
| ၂ | ဆင်တဲအမဲဆိုင် | ၁၂၂၀၀၀၀၀ | ၆၁၀၀၀၀၀ | |
| ၃ | ဥသျှစ်ပင်အမဲဆိုင် | ၄၉၅၀၀၀၀၀ | ၂၄၇၅၀၀၀၀ | |
| ၄ | သုရဲတန်းအမဲဆိုင် | ၂၁၀၀၀၀၀ | ၁၀၅၀၀၀၀ | |
| ၅ | ထုံးဘိုအမဲဆိုင် | ၆၉၀၀၀၀၀ | ၃၄၅၀၀၀၀ | |
| ၆ | ကွင်းလှအမဲဆိုင် | ၇၃၀၀၀၀၀ | ၃၆၅၀၀၀၀ | |
| ၇ | ထောက်ရှာတန်းအမဲဆိုင် | ၁၉၀၀၀၀၀ | ၉၅၀၀၀၀ | |
| ၈ | ပန်းတောင်းဝက်ဆိုင် | ၄၀၀၀၀၀၀ | ၂၀၀၀၀၀၀ | |
| ၉ | ဆင်တဲဝက်ဆိုင် | ၆၈၅၀၀၀၀ | ၃၄၂၅၀၀၀ | |
| ၁၀ | ဥသျှစ်ပင်ဝက်ဆိုင် | ၄၇၂၀၀၀၀၀ | ၂၃၆၀၀၀၀၀ | |
| ၁၁ | ထုံးဘိုဝက်ဆိုင် | ၉၈၀၀၀၀၀ | ၄၉၀၀၀၀၀ | |
| ၁၂ | ကွင်းလှဝက်ဆိုင် | ၂၁၀၀၀၀၀ | ၁၀၅၀၀၀၀ | |
| ၁၃ | ကုန်းကလေး-ထောက်ကြံ့ကုန်း-ကျီးတောဝက်ဆိုင် | ၁၀၀၀၀၀၀ | ၅၀၀၀၀၀ | |
| ၁၄ | ကျောင်းဦး-ညောင်ပင်-လယ်တီဝက်ဆိုင် | ၁၃၂၀၀၀၀ | ၆၆၀၀၀၀ | |
| ၁၅ | ပန်းတောင်းဆိတ်ဆိုင် | ၄၄၀၀၀၀၀ | ၂၂၀၀၀၀၀ | |
| ၁၆ | ဆင်တဲဆိတ်ဆိုင် | ၈၅၀၀၀၀ | ၄၂၅၀၀၀ | |
| ၁၇ | ဥသျှစ်ပင်ဆိတ်ဆိုင် | ၆၄၀၀၀၀၀ | ၃၂၀၀၀၀၀ | |
| ၁၈ | ထုံးဘိုဆိတ်ဆိုင် | ၄၀၀၀၀၀ | ၂၀၀၀၀၀ | |
| | သားသတ်လိုင်စင်ပေါင်း | ၁၇၇၂၂၀၀၀၀ | ၈၈၆၁၀၀၀၀ | |

အမှုဆောင်အရာရှိ
မြို့နယ်စည်ပင်သာယာရေးအဖွဲ့
ပန်းတောင်းမြို့

ပန်းတောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့
၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ် ဈေးပြိုင်စနစ်ဖြင့်ရောင်းချမည့်
အခွင့်အရေးလိုင်စင်များစာရင်း

| စဉ် | အခွင့်အရေးလိုင်စင်အမည် | ကြမ်းခင်းဈေး (ကျပ်) | စားပွဲတင်အာမခံငွေ (ကျပ်) | မှတ်ချက် |
|---|---|---|---|---|
| | **ဈေးကောက်လိုင်စင်များ** | | | |
| ၁ | ပန်းတောင်းဈေးကောက် | ၂၂၀၀၀၀၀ | ၁၁၀၀၀၀၀ | |
| ၂ | ဆင်တဲဈေးကောက် | ၂၄၅၀၀၀၀ | ၁၂၂၅၀၀၀ | |
| ၃ | ဥသျှစ်ပင်ဈေးကောက် | ၁၀၆၀၀၀၀၀ | ၅၃၀၀၀၀၀ | |
| ၄ | ထုံးဘိုဈေးကောက် | ၅၄၀၀၀၀၀ | ၂၇၀၀၀၀၀ | |
| | **မြို့နယ်ဝင်ကြေးဘီးကောက်** | | | |
| ၁ | မြို့နယ်ဝင်ကြေးဘီးကောက် | ၂၇၈၀၀၀၀၀ | ၁၃၉၀၀၀၀၀ | |
| | **ကူးတို့လိုင်စင်** | | | |
| ၁ | ပြည်-ရွှေတောင်-ပန်းတောင်းကူးတို့ | ၁၂၅၀၀၀၀ | ၆၂၅၀၀၀ | |
| ၂ | သူရဲတန်း-ပဲကြီး-လှည်းကူး-ဖရုံကားကူးတို့ | ၃၀၀၀၀၀ | ၁၅၀၀၀၀ | |
| ၃ | ထုံးဘို-ပဒေသာ-ချောင်းပေါက်ဝကူးတို့ | ၂၄၅၀၀၀၀ | ၁၂၂၅၀၀၀ | |
| | **အခြားလိုင်စင်များ** | | | |
| ၁ | ပန်းတောင်းဈေးစက်ဘီးကောက်လိုင်စင် | ၁၂၇၀၀၀၀ | ၆၃၅၀၀၀ | |
| ၂ | ဆင်တဲဈေးစက်ဘီးကောက်လိုင်စင် | ၂၂၀၀၀၀ | ၁၁၀၀၀၀ | |
| ၃ | ဥသျှစ်ပင်ဈေးစက်ဘီးကောက်လိုင်စင် | ၄၀၀၀၀၀၀ | ၂၀၀၀၀၀၀ | |
| ၄ | နွားပွဲဈေးလိုင်စင် | ၅၀၀၀၀၀၀ | ၂၅၀၀၀၀၀ | |
| ၅ | ဥသျှစ်ပင်ဈေးရေလောင်းအိမ်သာကြေးကောက်လိုင်စင် | ၆၆၀၀၀၀ | ၃၃၀၀၀၀ | |
| ၆ | ထုံးဘိုဈေးရေလောင်းအိမ်သာကြေးကောက်လိုင်စင် | ၃၉၀၀၀၀ | ၁၉၅၀၀၀ | |
| | **အခြားလိုင်စင်ပေါင်း** | ၆၃၉၉၀၀၀၀ | ၃၁၉၉၅၀၀၀ | |

မြို့နယ်စည်ပင်သာယာရေးအဖွဲ့
ပန်းတောင်းမြို့

## ပန်းတောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့
## ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ် သက်တမ်းတိုးစနစ်ဖြင့်ရောင်းချမည့်
## အပေါင်ဆိုင်လိုင်စင်များစာရင်း

| စဉ် | အခွင့်အရေးလိုင်စင်အမည် | ကြမ်းခင်းဈေး (ကျပ်) | စားပွဲတင်အာမခံငွေ (ကျပ်) | မှတ်ချက် |
|---|---|---|---|---|
| | **အပေါင်ဆိုင်လိုင်စင်များ** | | | |
| ၁ | ပန်းတောင်းအပေါင်ဆိုင်(၁) | ၅၃၅၀၀၀ | ၂၆၇၅၀၀ | |
| ၂ | ဥသျှစ်ပင်အပေါင်ဆိုင်(၁) | ၁၃၃၅၀၀၀ | ၆၆၇၅၀၀ | |
| ၃ | ဥသျှစ်ပင်အပေါင်ဆိုင်(၂) | ၁၆၇၅၀၀၀ | ၈၃၇၅၀၀ | |
| ၄ | ဥသျှစ်ပင်အပေါင်ဆိုင်(၃) | ၁၄၇၀၀၀၀ | ၇၃၅၀၀၀ | |
| ၅ | ဥသျှစ်ပင်အပေါင်ဆိုင်(၄) | ၁၀၇၀၀၀၀ | ၅၃၅၀၀၀ | |
| ၆ | ဥသျှစ်ပင်အပေါင်ဆိုင်(၅) | ၁၃၆၀၀၀၀ | ၆၈၀၀၀၀ | |
| ၇ | ဆင်တဲအပေါင်ဆိုင် | ၁၁၄၀၀၀၀ | ၅၇၀၀၀၀ | |
| ၈ | ထုံးဘိုအပေါင်ဆိုင်(၁) | ၉၃၅၀၀၀ | ၄၆၇၅၀၀ | |
| ၉ | ထုံးဘိုအပေါင်ဆိုင်(၂) | ၉၃၅၀၀၀ | ၄၆၇၅၀၀ | |
| ၁၀ | ထုံးဘိုအပေါင်ဆိုင်(၃) | ၇၆၀၀၀၀ | ၃၈၀၀၀၀ | |
| ၁၁ | ထုံးဘိုအပေါင်ဆိုင်(၄) | ၈၇၅၀၀၀ | ၄၃၇၅၀၀ | |
| ၁၂ | တောင်ဘွေ့-မြစစ်ကိုင်းအပေါင်ဆိုင် | ၆၇၀၀၀၀ | ၃၃၅၀၀၀ | |
| | **အပေါင်ဆိုင်လိုင်စင်ပေါင်း** | **၁၂၇၆၀၀၀၀** | **၆၃၈၀၀၀၀** | |

ပန်းတောင်းမြို့